## စုစည်းစံပြကျေးရွာများ

စုစည်းစံပြကျေးရွာဆိုသည်မှာ ဒေသအတွင်းရှိ တိုင်းရင်းသားများကို ပြန်လည်စုစည်း၍ တည်ဆောက်ပေးခဲ့သော ကျေးရွာများပင် ဖြစ်ပါ သည်။ အဆိုပါ ကျေးရွာများ တည်ထောင်ခြင်းအား တပ်မတော်၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် နတလဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

၁၉၉၁ ခုနှစ်တွင် ရခိုင်ပြည်နယ်အတွင်း တည်ဆောက်ပေးခဲ့သော စုစည်းစံပြကျေးရွာများမှာ မောင်တောမြို့နယ်၌ ၁၅ ရွာနှင့် ဘူးသီးတောင် မြို့နယ်၌ ၅ ရွာ စုစုပေါင်း ၂၀ ရွာ ဖြစ်သည်။ မောင်တောမြို့နယ်တွင် ရန်အောင်ပြင်၊ အောင်မင်္ဂလာ၊ ပဲရုံ၊ သရေကုန်းဘောင်၊ မောရဝတီ၊ ဖားဝပ်ချောင်း၊ သုပဏ္ဏက၊ နန်းရာကိုင်း၊ အောင်သပြေ၊ မင်းခမောင်း၊ မင်္ဂလာညွန့်၊ တောင်ပြိုလက်ဝဲ၊ ဥဒေါင်း၊ ကျောက်ပန္နူ၊ ရေမျက်တောင် စသည့်ကျေးရွာများ ဖြစ်ပြီး ဘူးသီးတောင်မြို့နယ်တွင် ကထီးလှ၊ ကျောက်စာတိုင်၊ ကျွဲရိုင်း၊ ဝါးခုတ်ချောင်းနှင့် မင်းလှကိုင်း ကျေးရွာတို့ ဖြစ်ကြပါသည်။

ဒေသခံများအား စုစည်းနေရာချထားခြင်းဖြစ်ရာ ဒေသ၏ ရေ၊ မြေ၊ တောတောင်သဘာဝ၊ အသက်မွေးဝမ်းကျောင်း၊ ဓလေ့ထုံးစံများနှင့် ကိုက်ညီ မှုရှိသဖြင့် အောင်မြင်ခဲ့ပါသည်။


မောင်တောမြို့နယ်၊ မောရဝတီ စုစည်းစံပြကျေးရွာ
(၁၉၉၁)ခုနှစ်


မောင်တောမြို့နယ်၊ တောင်ပြိုလက်ဝဲ စုစည်းစံပြကျေးရွာ
(၁၉၉၃)ခုနှစ်


မောင်တောမြို့နယ်၊ ရန်ခါစေတီ ရွှေ့ပြောင်းစံပြကျေးရွာ
(၂၀၀၁)ခုနှစ်


မောင်တောမြို့နယ်၊ ရွှေရင်အေး ရွှေ့ပြောင်းစံပြကျေးရွာ
(၂၀၀၅)ခုနှစ်

## ရွှေ့ပြောင်းစံပြကျေးရွာများ

ရန်ကုန်တိုင်းဒေသကြီးမှ မိမိသဘောဆန္ဒအလျောက် ပြောင်းရွှေ့လို သော မိသားစုများကို စုစည်း၍ ၂၄-၃-၁၉၉၉ ရက်နေ့မှ စတင်ပြီး ရခိုင် ပြည်နယ်သို့ ပင်လယ်ခရီးဖြင့် ပြောင်းရွှေ့ပေးခဲ့ပါသည်။ အဆိုပါ ရွှေ့ပြောင်း ရောက်ရှိလာသူများ နေထိုင်ရန် ကျေးရွာမြေနေရာ သတ်မှတ်ခြင်းနှင့် ရပ်တည်လုပ်ကိုင် စားသောက်နိုင်ရန် လယ်ယာမြေရရှိရေးတို့ကို နိုင်ငံတော် က တာဝန်ယူစီစဉ် ဆောင်ရွက်ပေးခဲ့သည်။ ရွှေ့ပြောင်းစံပြကျေးရွာများကို မောင်တောမြို့နယ်တွင် ၁၃ ရွာ၊ ဘူးသီးတောင်မြို့နယ်တွင် ၄ ရွာနှင့် ရသေ့တောင်မြို့နယ်တွင် ၂ ရွာတို့ဖြင့် စုစုပေါင်း ၁၉ ရွာ တည်ဆောက်ပေး ခဲ့သည်။

မောင်တောမြို့နယ်ရှိ ရွှေ့ပြောင်းစံပြကျေးရွာ ၁၃ ရွာမှာ အောင်ဇေယျ၊ မြဝတီ၊ ဝေသာလီ၊ ကသည်း၊ သုခမြိုင်၊ ဒီဗီအေး၊ ရွှေရင်အေး၊ လောင်းဒုံ၊ ခရေမြိုင်၊ ကိုင်းကြီး၊ ရွှေဇာဟိုလ်၊ အောင်သာယာ၊ ရန်ခါစေတီ ကျေးရွာ တို့ဖြစ်သည်။

ဘူးသီးတောင်မြို့နယ်ရှိ ရွှေ့ပြောင်းစံပြကျေးရွာ ၄ ရွာမှာ ဂန္ဓမာ၊ အင်ကြင်းမြိုင်၊ သရဖီနှင့် ကံ့ကော်မြိုင် ကျေးရွာတို့ ဖြစ်သည်။

ရသေ့တောင်မြို့နယ်ရှိ ရွှေ့ပြောင်းစံပြကျေးရွာ ၂ ရွာမှာ ပိတောက်မြိုင် နှင့် သဇင်မြိုင် ကျေးရွာများဖြစ်သည်။

စုစုပေါင်း ရွှေ့ပြောင်းစံပြကျေးရွာပေါင်း ၁၉ ရွာ ထူထောင်ပေးနိုင်ခဲ့ သော်လည်း ဒေသပတ်ဝန်းကျင်နှင့် ကိုက်ညီမှုမရှိသဖြင့် ရာနှုန်းပြည့် အောင်မြင်မှု မရရှိခဲ့ပါ။

## ဦးစီးဌာန၏ ရည်ရွယ်ချက်

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲ ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက် များနှင့်အညီ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ လူမှု စီးပွား အထောက်အကူပြု အခြေခံအဆောက်အဦများ ဖွံ့ဖြိုး တိုးတက်စေရန်။

(၂) ပြည်ထောင်စုအတွင်းရှိ နယ်မြေများ အကြားအလပ်မရှိ မျှတ အချိုးညီစွာ ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ရန်။

(၃) တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်။

(၄) အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် မူးယစ် ဆေးဝါး စိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်။

(၅) နယ်စပ်ဒေသ၏ လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် နယ်မြေ အေးချမ်းသာယာရေးတို့ကို ထိန်းသိမ်းရန်။


မဂွေဇ-ခေါင်လန်ဖူးလမ်း ၆၅/၄ မိုင် လမ်းပေါ်ရှိ
နဝရတ် ကိုးသွယ်ကွေ့

"နယ်စပ်ဒေသတွင်
လူမှုစီးပွားဘဝအခြေခံအဆောက်အအုံများ အမြန်
ဖွံ့ဖြိုးတိုးတက်စေရမည်"

"Socio-economic Infrastructures
Must Be Developed
In Border Area"

နယ်စပ်ရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို အသေးစိတ်သိရှိလိုပါက
https//www.moba.gov.mm

# နယ်စပ်ရေးရာဝန်ကြီးဌာန
# နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ
# ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန



“နယ်စပ်ဒေသဖွံ့ဖြိုးရေးသည် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးနှင့် သက်ဆိုင်ပြီး အလွန်အရေးကြီးသည့် ကဏ္ဍတစ်ခုဖြစ်သည်။ နယ်စပ် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လာသည်နှင့်အမျှ တိုင်းရင်းသားလူမျိုးများအကြား အပြန်အလှန်နားလည်မှု၊ ယုံကြည် မှုများ ပိုမိုရရှိလာပြီး တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု တို့လည်း တိုးတက်လာမည်။ တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်ပေးနိုင်မည်။”

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏
ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး
ဗဟိုကော်မတီဥက္ကဋ္ဌ
၅-၅-၂၀၂၃

## ဦးစီးဌာနဖွဲ့စည်းခြင်း

၁။ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် အဖွဲ့အစည်းများ ပိုမိုများပြားလာသည့်အလျောက် ယင်းတို့ အခြေပြုရာ ဒေသများကို ဘက်စုံဖွံ့ဖြိုးရေး ဆောင်ရွက်ပေးနိုင်ရေး လိုအပ်လာပါသဖြင့် အစိုးရအဖွဲ့က ၂၀ - ၃ - ၁၉၉၂ ရက်နေ့တွင် ဝန်ထမ်း ၂၀၇ ဦး ဖြင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီရုံးကို ဖွဲ့စည်းပေးခဲ့ပါသည်။ လုပ်ငန်းကော်မတီ ဖွဲ့စည်းပုံအား ပြင်ဆင်၍ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဖွဲ့စည်းပုံကို ၂၅-၁၀-၁၉၉၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄၀/၉၅)သို့ တင်ပြခဲ့ရာ အတည်ပြုချက်ရရှိခဲ့ပါသည်။

၂။ ပြည်ထောင်စုအစိုးရလက်ထက် ၁၅ - ၁ - ၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂/၂၀၁၅) သဘောတူခွင့်ပြုချက်အရ ဦးစီးဌာနအား အရာထမ်း ၃၀၁ ဦး၊ အမှုထမ်း ၁၉၆၇ ဦး စုစုပေါင်း ၂၂၆၈ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ၁-၁၁-၂၀၂၂ ရက်နေ့ ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် ( ၈ /၂၀၂၂)၏ သဘောတူခွင့်ပြုချက်အရ အရာထမ်း ၃၂၇ ဦး၊ အမှုထမ်း ၂၂၁၀ ဦး စုစုပေါင်း ၂၅၃၇ ဦးဖြင့် ထပ်မံပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

## နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု

နယ်စပ်ဒေသများနှင့် ထိစပ်လျက်ရှိသော ပြည်နယ် ၇ ခု၊ တိုင်းဒေသကြီး ၂ ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ၁ ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၅ ခု တို့တွင် အဓိကဖွံ့ဖြိုးရေး ဆောင်ရွက်ပေးနေသော မြို့နယ် ၁၁၆ မြို့နယ်နှင့် လုပ်ငန်းလိုအပ်ချက်အရ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးမည့်မြို့နယ် ၅၃ မြို့နယ် စုစုပေါင်းမြို့နယ် ၁၆၉ မြို့နယ်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိပါသည်။

## လမ်းလုပ်ငန်း




## တံတားလုပ်ငန်း




## ပညာရေးလုပ်ငန်း(အဆောက်အဦ)




## ကျန်းမာရေးလုပ်ငန်း




## အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း




## ရေရရှိရေးလုပ်ငန်း




## မီးလင်းရေးလုပ်ငန်း




## သာသနာရေးလုပ်ငန်း




## စိုက်ပျိုးရေးလုပ်ငန်း




## မွေးမြူရေးလုပ်ငန်း




## ၁၉၈၉-၁၉၉၀ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်ပေးခဲ့သည့်အခြေအနေ

| | | | | |
|---|---|---|---|---|
| ၁။ | လမ်း၊ တံတားကဏ္ဍ | ကျပ် | ၁၃၄၂.၃၁၃ | ဘီလီယံ |
| ၂။ | ပညာရေးကဏ္ဍ | ကျပ် | ၁၂၁.၇၇၇ | ဘီလီယံ |
| ၃။ | ကျန်းမာရေးကဏ္ဍ | ကျပ် | ၁၀၀.၇၉၂ | ဘီလီယံ |
| ၄။ | အိမ်ရာဆောက်လုပ်ရေး ကဏ္ဍ | ကျပ် | ၃၆.၈၉၀ | ဘီလီယံ |
| ၅။ | ရေရရှိရေးကဏ္ဍ | ကျပ် | ၁၈.၀၄၀ | ဘီလီယံ |
| ၆။ | မီးလင်းရေးကဏ္ဍ | ကျပ် | ၂၀၅၅.၁၈၆ | ဘီလီယံ |
| ၇။ | သာသနာရေးကဏ္ဍ | ကျပ် | ၁၂.၇၄၉ | ဘီလီယံ |
| ၈။ | စိုက်ပျိုးရေးနှင့်မွေးမြူရေး ကဏ္ဍ | ကျပ် | ၂၂.၈၅၄ | ဘီလီယံ |
| | စုစုပေါင်း | ကျပ် | ၃၇၁၀.၆၀၁ | ဘီလီယံ |

## နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုများ




